RICH'S®

# သင့်ဘဝအသက်တာ။ သင့်လိုအပ်ချက်များ။ သင့်အကျိုးခံစားခွင့်များ။



myRewards | ဘဝအသက်တာ နည်းနာ။

အကျိုးခံစားခွင့်များ • ကျန်းမာသုခ • အသိအမှတ်ပြုခြင်း • လုပ်ခလစာနှင့် ငွေကြေးဆိုင်ရာခံစားခွင • အငြိမ်းစားယူခြင်းအစီအစဉ်

**2027 အတွက် သင်၏ အကျိုးခံစားခွင့်များကို ရွေးချယ်ရန် အချိန် ရောက်လုနီးပါပြီ။**

သင့်လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင် ရွေးချယ်နိုင်သော အကျိုးခံစားခွင့်အစီအစဉ်တွေကို Rich's က စီစဉ်ပေးထားပါသည်။ ဤအကျိုးခံစားခွင့်များထဲမှ သင်နှင့်သင့်မိသားစုအတွက် အရေးအကြီးဆုံးအရာတွေအပေါ် မူတည်ပြီး သင့်တော်သော ရွေးချယ်စရာများကို သင်ရွေးချယ်နိုင်ပါသည်။

OCTOBER 26 – NOVEMBER 6
YOUR Benefits, YOUR WAY
COMPARE – DECIDE – ENROLL

## 2027 အတွက် အသစ်သောအရာများ

**သင့်အကျိုးခံစားခွင့်များအကြောင်းကို လေ့လာပြီး မည်သည့်အရာများကို ရွေးချယ်မည်ကို ဆုံးဖြတ်ရာတွင် အသစ်ပြောင်းလဲထားသည့်အရာများနှင့် သင်သိထားရန်လိုအပ်သည့်အချက်များကို ဤနေရာတွင် ဖော်ပြပေးထားပါသည်။**

**သင့်လိုအပ်ချက်များအပေါ် အလေးထားသည့် အကျိုးခံစားခွင့်များ**
ကျွန်ုပ်တို့၏ ဆေးကုသမှုဆိုင်ရာအစီအစဉ်များကို ဈေးကွက်အတွင်းရှိ အစီအစဉ်များနှင့် ပိုမိုကိုက်ညီစေရန် ပြင်ဆင်မွမ်းမံထားသည့်အပြင်၊ သင်ထည့်ဝင်ရမည့် ငွေပမာဏများ တိုးလာမှုကိုလည်း ကန့်သတ်ထားပါသည်။ သွားဘက်ဆိုင်ရာနှင့် အမြင်အာရုံဆိုင်ရာ အစီအစဉ်များနှင့် ၎င်းတို့အတွက် ကုန်ကျစရိတ်များသည် မပြောင်းမလဲ ယခင်အတိုင်း ဆက်လက်ရှိနေပါမည်။

**ဘဝစက်ဝန်း အထူးပြုကျန်းမာရေးဝန်ဆောင်မှု ဝန်ဆောင်မှုပေးသူအသစ် မိတ်ဆက်ခြင်း**
ကလေးယူခြင်း၊ ကလေးမွေးစားခြင်း၊ မိသားစုစောင့်ရှောက်မှု၊ မိဘအုပ်ထိန်းမှု၊ ကလေးစောင့်ရှောက်မှု၊ သွေးဆုံးချိန်၊ အမျိုးသားများ၏ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုများ အပါအဝင်၊ ဘဝအသက်တာ အဆင့်အမျိုးမျိုး၌ လိုအပ်နိုင်သည့် ကျန်းမာရေးနှင့် သက်ဆိုင်သော အထောက်အပံ့များ ရရှိစေရန် Carrot နှင့်အတူ အကျိုးခံစားခွင့်အသစ်များနှင့် ပိုမိုကောင်းမွန်အောင် မြှင့်တင်ထားသော အကျိုးခံစားခွင့်များကို ကျွန်ုပ်တို့ စတင်စီစဉ်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**GLP-1 ဆေးဝါးအကျုံးဝင်မှုအတွက် အလေးအနက်ထားစဉ်းစားပေးထားသော ပြင်ဆင်မွမ်းမံမှုများ**
ကြိုတင်ခွင့်ပြုချက်ရယူခြင်းဆိုင်ရာ လိုအပ်ချက်အသစ်များနှင့် ကုန်ကျစရိတ်မျှခံခြင်းဆိုင်ရာ ပြင်ဆင်မွမ်းမံမှုများ အပါအဝင်၊ ဤအာမခံအကျုံးဝင်မှုကို ဆက်လက်ရရှိနိုင်စေရန် ကူညီပေးမည့် ပြောင်းလဲမှုများကို ကျွန်ုပ်တို့ ပြုလုပ်ထားပါသည်။ ဤပြောင်းလဲမှုကြောင့် သက်ရောက်မှုရှိမည့် ဝန်ထမ်းများထံသို့ Evernorth (ယခင် ESI) က အသေးစိတ်အချက်အလက်များကို စာတိုက်မှတစ်ဆင့် တိုက်ရိုက်ပေးပို့မည်ဖြစ်ပါသည်။

**အသက်အာမခံရွေးချယ်စရာများ ပိုမိုရရှိလာခြင်းနှင့် အကုန်အကျသက်သက်ခြင်း** ယခုအခါတွင် ထပ်ဆောင်းအသက်အာမခံကို အာမခံလျော်ကြေးငွေဒေါ်လာ 2 သန်းအထိ အာမခံကြေး သက်သာစွာဖြင့် ရနိုင်မည့်အပြင် မှီခိုသူများအတွက် အသက်အာမခံ အပိုဆောင်းရွေးချယ်စရာများကိုလည်း ထပ်မံတိုးမြှင့် ပေးထားပါသည်။

**အရေးအကြီးဆုံးအရာများ၌ ရင်းနှီးမြှုပ်နှံခြင်း**
ကျွန်ုပ်တို့၏ အကျိုးခံစားခွင့်များသည် မည်သည့်နေရာတွင် အကြီးမားဆုံး သက်ရောက်မှုဖြစ်စေနိုင်သည်ကို ကျွန်ုပ်တို့အနေဖြင့် စဉ်ဆက်မပြတ် ဆန်းစစ်သုံးသပ်နေပါသည်။ ဤအပြောင်းအလဲများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ ကျွန်ုပ်တို့သည် 2nd.MD နှင့် Care@Work တို့နှင့် ဖက်စပ်လုပ်ကိုင်မှုများကို 2026 ခုနှစ် အကုန်တွင် ရပ်ဆိုင်းမည်ဖြစ်ပြီး၊ ထိုအရင်းအမြစ်များကို ယခုနှစ်၏ အစီအစဉ်အပြောင်းအလဲများ၌ ပြန်လည်ရင်းနှီးမြှုပ်နှံထားပါသည်။

**Collective Health အတွေ့အကြုံကို ပိုမိုခိုင်မာအားကောင်းစေခြင်း**
Collective Health သည် Rich's ဝန်ထမ်းတစ်ဦးချင်းစီအတွက် မိမိတို့လိုအပ်ချက်နှင့် ပိုမိုကိုက်ညီသော ဝန်ဆောင်မှုအတွေ့အကြုံကို ရရှိစေရန်နှင့် မေးမြန်းချက်များကို ပိုမိုမြန်ဆန်စွာ ဖြေရှင်းပေးနိုင်ရန် လေ့ကျင့်**သင်ကြားမှုများ၊ အထောက်အပံ့များနှင့် လိုအပ်သော အရင်းအမြစ်များကို ပိုမိုဖြည့်ဆည်းပေးသွားမည်ဖြစ်ပါသည်။**

# အစိက အရင်းအမြစ်များ

**သင့်ရွေးချယ်စရာများကို ရှာဖွေလေ့လာပါ**

စာရင်းသွင်းဖွင့်လှစ်ကာလ (Open Enrollment) မစတင်မီ အစီအစဉ်များကို နှိုင်းယှဉ်ရန်၊ ဝန်ဆောင်ပေးသူများ၏ အရင်းအမြစ်များကို လေ့လာရန်နှင့် သင့်လျော်သော ဆုံးဖြတ်ချက်များချမှတ်ရန် လိုအပ်သော အချက်အလက်များကို ရယူဖို့အတွက် ကျွန်ုပ်တို့၏ အပ်ဒိတ်လုပ်ထားသော အကျိုးခံစားခွင့်ဝက်ဘ်ဆိုက်၊ **MyRichsBenefits.com** သို့ ဝင်ရောက်ကြည့်ရှုပါ။

MyRichsBenefits.com သို့ဝင်ရောက်ရန် စကင်ဖတ်ပါ

**စာရင်းမသွင်းမီ ကြိုတင်သိရှိထားသင့်သည်များ**

အာမခံအကျုံးဝင်သည့် ဆေးဝါးများနှင့် ၎င်းတို့၏ ကုန်ကျစရိတ်များကို လေ့လာရန်၊ ကွန်ရက်အတွင်းရှိ ဝန်ဆောင်မှုပေးသူများကို ရှာဖွေရန်၊ အစီအစဉ်အသေးစိတ်အချက်အလက်များကို ပြန်လည်စစ်ဆေးရန်နှင့် အခြားအကြောင်းအရာများစွာကို သိရှိနိုင်ရန် အောက်တိုဘာလ 9 ရက်နေ့မှစ၍ Collective Health နှင့် Evernorth ၏ Express Scripts ကြိုတင်လေ့လာနိုင်သော ဝက်ဘ်ဆိုက်များသို့ ဝင်ရောက်ပါ။ စတင်ရန် အောက်ပါ QR ကုဒ်များကို စကင်ဖတ်ပါ။

Collective Health ၏ ကြိုတင်လေ့လာနိုင်သော ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ရန် စကင်ဖတ်ပါ

Evernorth ၏ Express Scripts ကြိုတင်လေ့လာနိုင်သော ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ရန် စကင်ဖတ်ပါ

**အကူအညီလိုအပ်ပါသလား။**

Collective Health တွင် သင့်ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ မေးခွန်းများကို ဖြေကြားပေးရန် အတွေ့အကြုံရှိ ကျွမ်းကျင်သူများ ပါဝင်သောအဖွဲ့ အသင့်ရှိပါသည်။ ဖော်ပြပါဖုန်းနံပါတ်ကို ခေါ်ဆိုခြင်းအားဖြင့်လည်း Collective Health ကို ဆက်သွယ်နိုင်ပါသည်– 1-855-242-5559။

အဖွဲ့လိုက်ညှိနှိုင်းသဘောတူညီချက် (collective bargaining agreement, CBA) မှတစ်ဆင့် အာမခံလွှမ်းခြုံမှုရရှိသော လုပ်ဖော်ကိုင်ဖက်များသည် ၎င်းတို့၏အစီအစဉ်နှင့် သက်ဆိုင်သော အသေးစိတ်အချက်အလက်များအတွက် မိမိတို့၏သဘောတူညီချက်ကို ရည်ညွှန်းသင့်ပါသည်။

## အဆင်သင့်ပြင်ထားပါ

**စာရင်းသွင်းဖွင့်လှစ်ကာလ (Open Enrollment) သည် တနင်္လာနေ့၊ အောက်တိုဘာ 26 ရက်တွင် စတင်၍ သောကြာနေ့၊ နိုဝင်ဘာ 6 ရက်နေ့တွင် ပြီးဆုံးပါသည်။**

### အွန်လိုင်းတွင် စာရင်းသွင်းပါ

အောက်တိုဘာ 26 ရက် မှစပြီး၊ Alight ပေါ်တယ်မှတစ်ဆင့် ကွန်ပျူတာ သို့မဟုတ် မိုဘိုင်းစက်ပစ္စည်းတစ်ခုကို အသုံးပြု၍ သင်အမည်စာရင်းပေးသွင်းနိုင်ပါသည်။ အလျင်အမြန်ဝင်ရောက်နိုင်ရန် ဤ QR ကုဒ်များကို စကင်ဖတ်ပါ–

Alight ပေါ်တယ်သို့ ဝင်ရောက်ရန် စကင်ဖတ်ပါ

Alight ပေါ်တယ် အက်ပ်ကို Apple App Store တွင် ဒေါင်းလုဒ် ဆွဲပါ

Alight ပေါ်တယ် အက်ပ်ကို Google Play တွင် ဒေါင်းလုဒ် ဆွဲပါ

### ဖုန်းဖြင့်စာရင်းသွင်းပါ

စာရင်းသွင်းဖွင့်လှစ်ကာလ (Open Enrollment) အတွင်း၊ Alight ဖောက်သည်စောင့်ရှောက်ရေးကိုယ်စားလှယ် (Customer Care Representative) နှင့် စကားပြောဆိုနိုင်ပါသည်။ ဘာသာပြန်ဆိုခြင်း၊ ဖုန်းမှတစ်ဆင့် အကျိုးခံစားခွင့်များအတွက် စာရေးသွင်းခြင်းနှင့် သင့်ထံတွင်ရှိသော အခြားမေးခွန်းများကို ဖြေကြားပေးခြင်းတို့အတွက် ၎င်းတို့က ကူညီပေးနိုင်သည်။

**သင့်အတွက် အဆင်အပြေဆုံးသောအချိန်၌**
ရက်ချိန်းရယူပါ

ဖုန်းခေါ်ဆိုရန်– **1-800-455-2587,** ရွေးချယ်မှု 1၊
တနင်္လာနေ့မှ သောကြာနေ့ မနက် 8 နာရီ မှ ည 9 နာရီ အထိ ET.

**အရေးကြီးသည်–**
အလိုအလျောက် ဆက်လက်အကျုံးဝင်ခြင်းမရှိပါ
— ဤနှစ်အတွက် စာရင်းမသွင်းပါက၊
Rich's အာမခံလွှမ်းခြုံမှုကို 2027 ခုနှစ်အတွက်
သင်ရရှိမည်မဟုတ်ပါ။

